# ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး

# ၁၁ ရက်မြောက်နေ့ အစီအစဉ်

# [ ၈ - ၃ - ၂၀၁၂ ]

# ( ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၁ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **တောင်သူလယ်သမားများ သီးနှံဈေးကျခြင်း၊ ရာသီဥတုဖောက်ပြန်၍ အပျက်အစီးအဆုံးအရှုံးများပြီး အကြပ်အတည်းများနှင့် ရင်ဆိုင်နေရစဉ် စိုက်စရိတ်ချေးငွေ ပြန်လည်ပေးဆပ်ရန် ကာလကိုတစ်လတိုး၍ ဆိုင်းငံ့ပေးနိုင်ရန်နှင့်စိုက်စရိတ်ချေးငွေ၏ ၁၀% ကို စုဆောင်းငွေအဖြစ် ဖြတ်တောက်စာရင်း ထားရှိခြင်းကိစ္စတို့** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ဒီမောဆိုမြို့နယ်ရှိ ယခင်စိုက်ပျိုးရေး အထက်တန်းကျောင်းကို စိုက်ပျိုးရေးသိပ္ပံကျောင်းအဖြစ် အဆင့်တိုးမြှင့် ပြန်လည်ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ဖလမ်းမြို့နယ်တွင် သစ်မွှေးပင်နှင့် နဂါးမောက်ပင်များ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်မည့် ရေမြေသဘာဝရှိပါသဖြင့် မျိုးစေ့နှင့်အပင်ပေါက်များ မြို့နယ်တွင် ရရှိနိုင်အောင် သက်ဆိုင်ရာမှ စီမံဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **တောင်သူ လယ်သမားများ၏ လယ်ယာဖွံ့ဖြိုးရေးဘဏ် စုဆောင်းငွေ** နှင့် စပ်လျဉ်းသည့် မေးခွန်း နှင့် **လပွတ္တာမြို့နယ်၊ ဇင်ရွဲကျွန်းရေင်တား ပတ်တာတည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **စက်မှုဇုန် စက်ရုံများမှ လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်မှုအခြေအနေ** နှင့် စပ်လျဉ်း သည့် မေးခွန်း၊

( စ ) ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **လယ်သမားများအတွက် ပိုးသတ်ဆေး၊ မြေဩဇာများကို ဖြန့်ဖြူးပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း နှင့် **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ပိုလျှံဝန်ထမ်းများ ပြန်လည်ခန့်အပ်ရန် သို့မဟုတ် နစ်နာကြေးပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **နေကြာဆီ ထုတ်လုပ်နိုင်မှုနှင့် မိုးစပါးထွက်ရှိမှု** အခြေအနေတို့ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ဝိဇ္ဇာအထူးပြု ဘာသာရပ်များကို အခြေခံပညာနှင့်အဆင့်မြင့်ပညာရေးတွင် ပိုမို တိုးတက်သင်ကြားပေးရန်နှင့် ဝိဇ္ဇာဘွဲ့ရသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖော်ဆောင်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးသန်းဆွေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

(ခ) ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

၁၀။ ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းသစ်တစ်ခုအား ဦးစားပေးဖွင့်လှစ်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ကပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

( ခ ) ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

( ဂ ) ဦးငွေမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

(ဃ) ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

( င ) ဦးလှမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)

( စ ) ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

(ဆ) ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

( ဇ ) ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

( ဈ ) ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

၁၁။ ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **လယ်ယာစိုက်ပျိုးသီးနှံဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆည်ရေများ ထိရောက်စွာ ထုတ်လွှတ်ပေးဝေရယူရေးအတွက်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၂။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၁ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၁၂ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။